လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
DEMOCRATIC PARTY FOR A NEW SOCIETY (DPNS)
အမှတ် (၁၂၄)၊ စတုတ္ထထပ်၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ပါတီ တည်ထောင်ခြင်း နှစ် (၃၀) ပြည့် အထိမ်းအမှတ်
## သဘောထား ထုတ်ပြန်ချက် ၄ / ၂၀၁၈

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)

၁။ မိမိတို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီသည် ယနေ့ (၁၄၊ ၁၀၊ ၂၀၁၈) တွင် ပါတီထူထောင်ခြင်း နှစ်ပေါင်း (၃၀) ပြည့်မြောက်ပြီဖြစ်သည်။

၂။ နှစ်ပေါင်း (၃၀) ကာလအတွင်း မိမိတို့ပါတီအလံတော်အောက်ဝယ် မိမိတို့ပါတီက ယုံကြည်တန်ဖိုးထားသည့် လွတ်လပ်ခြင်း၊ တန်းတူမျှတခြင်း၊ သွေးစည်းညီညွတ်ခြင်းတို့ ထွန်းကားသည့် မြန်မာ့လူ့ဘောင်တစ်ရပ် ထွန်းသစ်လာရေး အတွက် လမ်းမများပေါ်၌လည်းကောင်း၊ အကျဉ်းစခန်းများ၌လည်းကောင်း၊ တောတောင်များအကြား၌လည်းကောင်း၊ ပြည်ပနိုင်ငံများ၌လည်းကောင်း အသက်၊ချွေး၊သွေး၊ဘဝများ ပေးဆပ်ကာ တိုက်ပွဲဝင်ခဲ့သူ ရဲဘော်အပေါင်းအား လေးမြတ်စွာ မှတ်တမ်းတင် ဦးညွှတ်အပ်ပါသည်။

အလားအတူပင် ပါတီအလံတော်အောက်၌ရပ်လျက် နိုင်ငံရေးတာဝန်များကို မထမ်းဆောင်နိုင်တော့သည့်တိုင် ပါတီ၏နိုင်ငံရေးတာဝန်များ ဆက်လက်ထမ်းရွက်နေသည့် ရဲဘော်တို့အပေါ် ချစ်ကြည် တန်ဖိုးထားမှုအပြည့်ဖြင့် ရုပ်ဝတ္ထုအားဖြင့်လည်းကောင်း၊ စိတ်ဓာတ်ရေးရာအရလည်းကောင်း လှိုက်လှဲနွေးထွေးစွာ ပံ့ပိုးအားပေးသူ ရဲဘော်ဟောင်းများအားလုံးကိုလည်း မိမိတို့ပါတီက အလေးအမြတ် ဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။

၃။ တဆက်တည်းမှာပင် ဤကြမ်းတမ်းခက်ထန်လှသည့် နှစ် (၃၀) နိုင်ငံရေးခရီးတလျှောက် မိမိတို့ပါတီအပေါ် မိတ်ဆွေကောင်းပီသစွာ ဖေးမလက်တွဲခဲ့သည့်၊ ဝေဖန်ထိန်းကျောင်းခဲ့သည့် မိတ်ဆွေတိုင်းရင်းသားအင်အားစုများ၊ ဒီမိုကရက်တစ်နိုင်ငံရေးအင်အားစုများ အားလုံးကိုလည်း ကျေးဇူးသစ္စာသိစွာ ကမ္ပည်းမှတ်တမ်းတင်အပ်ပါသည်။

၄။ ယနေ့ကာလ မိမိတို့တိုင်းပြည်၏ ပကတိအခြေအနေမှာ မိမိတို့ တောက်လျှောက် မျှော်မှန်းခဲ့ကြသည့် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ ထွန်းကားရေး၊ တန်းတူမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသည့် ပြည်ထောင်စုကြီးထူထောင်ရေးတို့နှင့် အလှမ်းဝေးလှဆဲ၊ ကြိုးပမ်းရန်းကန်ရန် ခရီးရှည်ကြီး ကျန်ရှိနေဆဲဖြစ်သည်ဟု ရှုမြင်သုံးသပ်မိပါသည်။

၅။ ၂၀၀၈ အခြေခံဥပဒေကို ပြောင်းလဲနိုင်ရန်၊ နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုများ အမှန်တကယ် ရပ်စဲသွားရန်၊ တရားဥပဒေစိုးမိုး၍ လူထုဘဝလုံခြုံရန်၊ လူမျိုးအရ ဘာသာအရ လိင်အရ နေပိုင်မှုအရ ဩဇာအာဏာအရ ခွဲခြားဖိနှိပ်ဆက်ဆံခံရမှုများ ကင်းစင်ရန်၊ စီးပွားအခွင့်အလမ်းများ မျှမျှတတ ဖွံ့ဖြိုးနိုင်ရန်၊ အလုပ်သမား လယ်သမားများ ဖိနှိပ်ခံရမှုမှ လွတ်မြောက်ရန်၊ သတင်းမီဒီယာများ လွတ်လပ်မှုရရှိရန်၊ စသည်ဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိပါက လွတ်လပ်ခြင်း၊ တန်းတူမျှတခြင်း၊ သွေးစည်းညီညွတ်ခြင်းတို့ ထွန်းကားသည့် မြန်မာ့လူ့ဘောင်တစ်ရပ် ထွန်းသစ်လာနိုင်ဖို့ မဖြစ်နိုင်ဟု မိမိတို့ပါတီက ခိုင်မာစွာ ယုံကြည်ပါသည်။

၆။ မိမိတို့ပါတီအနေဖြင့် တရားဝင်နိုင်ငံရေးပါတီတစ်ရပ်ဖြစ်၍ မိမိတို့ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ခြင်းခံရ

ပါက အဆိုပါကိစ္စရပ်များ နှောင့်နှေးဝေးကွာနေရခြင်း၊ လွဲချော် သွေဖည်နေရခြင်း၊ တရားမျှတမှု ဆုံးရှုံးနေရခြင်း၊ ပြည်သူများ ဘဝလုံခြုံမှုနှင့် လွတ်လပ်ခွင့်တို့ ပျောက်ဆုံးနေရခြင်းတို့အတွက် လွှတ်တော်အတွင်းတွင် တင်ပြဆွေးနွေးခြင်း၊ မေးခွန်းထုတ်ခြင်း၊ တိုက်တွန်းတောင်းဆိုခြင်းများကို အတွေးအခေါ်တူ၊ ရည်ရွယ်ချက်တူ မိတ်ဆွေများနှင့် နားလည်မှုရယူ လက်တွဲပြီး စနစ်တကျ အားထုတ် ဆောင်ရွက်သွားမည် ဖြစ်သည်။

လွှတ်တော်ပြင်ပတွင်လည်း အလားတူ ဒီမိုကရေစီ အခြေခံလွတ်လပ်ခွင့်နှင့် တရားမျှတမှု ဆုံးရှုံးနေခြင်းများ၊ စီးပွားအခွင့်အလမ်း မမျှတမှုများ၊ လူထုဘဝလုံခြုံမှု ပျက်ပြားနေရခြင်းများ၊ တိုင်းရင်းသားလူမျိုးစုတို့ ကိုယ်ပိုင်အခွင့်အရေး ဆုံးရှုံးနေမှုများ၊ လူထုလူတန်းစားအသီးသီး၏ ဖိနှိပ်ချုပ်ချယ်ခံရမှုများအတွက် နိုင်ငံရေးအင်အားစုများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ လူထုလူတန်းစားအဖွဲ့အစည်းများ၊ တက်ကြွလှုပ်ရှားသူများ စသည့် မိတ်ဆွေအင်အားစုအသီးသီးနှင့် ***တချက်တူ - တချက်ပေါင်း*** မူအပေါ်အခြေခံ၍ ပူးပေါင်းလက်တွဲ တိုက်တွန်းအရေးဆိုမှုများ၊ ရုန်းကန်လှုပ်ရှားမှုများ ဆောင်ရွက်သွားမည်ဖြစ်သည်။

အထူးအားဖြင့် ၂၀၀၈ အခြေခံဥပဒေ ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်တို့သည် ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးနှင့် တဆက်တစပ်တည်းဖြစ်သဖြင့်၊ ၂၁ ရာစု ပင်လုံအပါအဝင် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုအားလုံးသည်  တန်းတူသော၊ တရားမျှတသော၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသော ဖက်ဒရယ်ပြည်ထောင်စုအတွက် အခြေခံကောင်းဖြစ်ရေးကို အဓိကဦးတည်၍ ဆွေးနွေး အဖြေရှာခြင်းမျိုး ဖြစ်လာစေရန် ဝေဖန်ထောက်ပြခြင်း၊ တိုက်တွန်းအရေးဆိုခြင်း စသည့် ရုန်းကန်လှုပ်ရှားမှုများကို အတွေးအခေါ်တူ၊ ရည်ရွယ်ချက်တူ မိတ်ဆွေအင်အားစုအသီးသီးနှင့် အတူတကွ နည်းလမ်းရှာဖွေ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ အဆိုပါနိုင်ငံရေးတာဝန်များ အောင်မြင်ကျေပွန်၍ လွတ်လပ်ခြင်း၊ တန်းတူမျှတခြင်း၊ သွေးစည်းညီညွတ်ခြင်း တို့ ထွန်းကားသည့် မြန်မာ့လူ့ဘောင်တစ်ရပ် ထွန်းသစ်လာနိုင်ရန် မိမိတို့၏ရဲဘော်များ၊ မိတ်ဆွေအင်အားစုများနှင့် လူမျိုးစုံတိုင်းရင်းသားပြည်သူများ အချင်းချင်းကြားတွင် တူနိုင်သမျှ လုပ်ငန်းစဉ်များ၊ နည်းနာများ ရှာဖွေလက်တွဲလျက် အတူတကွ ပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်တိုက်တွန်းလျက် မိမိတို့ပါတီ၏သဘောထားကို ထုတ်ပြန်လိုက်ပါသည်။

**ဗဟိုစည်းရုံးရေးကော်မတီ**
**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)**